တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
အမှတ် ၁၀ (ဈေး)၊ ၅၅ လမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ Postal Code- 11161
ဖုန်း- ၀၁ ၈၂၀၃၈၃၈၊ ဖက်စ်- ၀၁၈၂၀၃၈၃၉၊ အီးမေးလ်- ygnecd@gmail.com

---

စာအမှတ်၊ ရက/ EIA/ ၅ ( ၁၁၄၃/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဝင်စာမှတ်ပုံတင် 4703/24
စာအမှတ်
စာလက်ခံရရှိသည့်ရက်စွဲ
စာများတင်ပြသည့်ရက်စွဲ 23.4.24

သို့

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ **G & U (Myanmar) Fashion Co.,Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း နှင့်ပတ်သက်၍ ရေးဆွဲတင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)အစီရင်ခံစာအား စိစစ်သဘောထား ပြန်ကြားနိုင်ပါရန် တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၂၃-၂-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ရက/ EIA/ ၂(၅)(၆၄၃/၂၀၂၄)

(၂) G & U (Myanmar) Fashion Co., Ltd. ၏ ၁၃-၃-၂၀၂၄ ရက်စွဲပါ တင်ပြစာ

G&U (Myanmar) Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝန်း၊ စက်မှု(၇)လမ်း၊ အမှတ်(၂၉၂) ရှိ မြေရေိယာ (၂) ဧက ပေါ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မှ မြေငှားစာချုပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာအား ပြန်လည်တင်ပြရန် ရည်ညွှန်း (၁) ပါ စာဖြင့် အကြောင်း ကြားချက်အရ လုပ်ငန်းရှင် ကိုယ်တိုင်ရေးဆွဲပြုစု ထားသော (EMP) အစီရင်ခံစာအား ရည်ညွှန်း (၂)

ညွှန်ကြားရေးမှူးချုပ်

- ဒုတိယညွှန်ကြားရေးမှူးချုပ်(PC/EIA)

EIA

SOR (YGN)

SO DLH

25/4/24

စာရင်းသွင်းပြီး

EIA 25.4.24

ဝင်စာအမှတ် ...... 77 ......

လယ်ဂျာ ...... EMP / LD ......

ရက်စွဲ/အချိန် ...... 24.4.24 / 10:00 ......

CamScanner

ပါစာဖြင့် ပြန်လည်တင်ပြလာပါသဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲ - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာ (၁) အုပ် နှင့် ဒီဂျီတယ် CD(၁)ချပ်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန် သဘောထားမှတ်ချက် ပြန်ကြားစာ

(ကျော်ဆန်းနိုင်)
ညွှန်ကြားရေးမှူး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာနခွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်

CS CamScanner

တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

အမှတ် ၁၀(ဂျ)၊ ၅၅ လမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ Postal Code-11161
ဖုန်း - ၀၁ ၈၂၀၃၈၃၈၊ ဖက်စ် - ၀၁ ၈၂၀၃၈၃၉၊ အီးမေးလ် - ygnecd.moecaf@gmail.com

စာအမှတ်၊ ရက/EIA/၂(၅) (၆၄၃ /၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

သို့

ဒါရိုက်တာ

G & U (Myanmar) Fashion Co.,Ltd

အကြောင်းအရာ။ **G & U (Myanmar) Fashion Co.,Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း နှင့်ပတ်သက်၍ လိုအပ်သည့် ပတ်ဝန်းကျင် ဆိုင်ရာ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်း အဖွဲ့၏ ၂၁-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၀၁/MIC(OSS)/၀၁ (၂၆၃/၁၆)

(၂) ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၂၀-၁၂-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ရက/EIA/၂ (၃၄၂၉/၂၀၂၃)

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁-၂-၂၀၂၄ ရက်စွဲပါစာအမှတ်၊ EIA-၁/၆/သဘောထား (PP-Issue) (၅၇၇/ ၂၀၂၄)

၁။ G & U (Myanmar) Fashion Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇေကမ္ဘာဝန်း၊ ရန်ကုန်စက်မှုဇုန်၊ စက်မှု(၇)လမ်း၊ အမှတ်(၂၉၂)၊ မြေဧရိယာ(၂)ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ် ခြင်းလုပ်ငန်း နှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ရည်ညွှန်း(၁)ပါစာဖြင့် ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ပြန်ကြားခဲ့ပါသည်။

၂။ သို့ရာတွင် G & U (Myanmar) Fashion Company Limited. အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ထပ်မံတောင်းခံလာမှုအား ရည်ညွှန်း (၂) ပါစာဖြင့် ရုံးချုပ်သို့ဆက်လက်တင်ပြခဲ့ရာ ရုံးချုပ်မှ ရည်ညွှန်း(၃) ပါစာဖြင့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အား** ရေးဆွဲဆောင်ရွက်နိုင်ရန် သဘောထားမှတ်ချက် ပြန်ကြားလာပါသဖြင့် သိရှိဆောင်ရွက်နိုင်ရေး ဆက်လက်အကြောင်းကြားအပ်ပါသည်။

(ကျော်ဆန်းနိုင်)
ညွှန်ကြားရေးမှူး

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

ရန်ကုန်မြို့

စာအမှတ်၊ ၀၀၁/ MIC(OSS) /၀၁(၂၆၄/၁၆)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

သို့

ပြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ G & U (Myanmar) Fashion Co.,Ltd. မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်း ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်း ချက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၃/န-၁၄၀၇/ ၂၀၁၆(၁၂၁၀)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Guotai Litian Enterprises Co.,Ltd. မှ ၄၀% နှင့် Zhangjiagang UNITEX Co.,Ltd. မှ ၆၁%ထည့်ဝင်၍ G & U (Myanmar) Fashion Co.,Ltd. တည်ဆောက်ကာ မြေကွက်အမှတ် - ၂၉၂၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၀၀၀ဧက (၈၀၉၃.၇၂ စတုရန်းမီတာ) ကို ငှားရမ်း၍ CMP စနစ်ဖြင့်အထည်ချုပ် လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်း ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များအား သိရှိလာတွေ့ရှိရပါသည် -

(က) ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ကနဦးရင်းနှီးမြှုပ်နှံမှုကာလမှာ (၁၀) နှစ်ဖြစ်ပြီး၊ သက်တမ်းတိုး (၅) နှစ် (၂) ကြိမ်ဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ (၁၈) လဖြစ်ကြောင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကာကွယ်ရေးအစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ (၂%) ကို လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corpo-

rate Social Responsibility (CSR) လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွား[illegible] ဖြစ်ကြောင်း၊

(ဃ) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်စေမည့် အမှိုက်** ရေဆိုး/ပစ္စည်း အနံ့အသက်နှင့် မှုန့်မှိုင်းများ၊ ဆူညံမှုများအား ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုလာသော လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည် -

(က) G & U (Myanmar) Fashion Co.,Ltd. မှ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများသည် [illegible] ပြိုပျက်စီးမှု၊ ဓာတ်ငွေ့ ကြဲ့ပြန့်ပြီး မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊

(ခ) ပုံဖြတ်ခြင်း၊ ပိတ်စချုပ်ခြင်း လုပ်ငန်းအဆင့်များတွင် ထွက်ရှိလာမည့် ဖြတ်စ၊ ချုပ်စ၊ အနံ့အမွှားများကြောင့် လေထုနှင့်မြေထု ညစ်ညမ်းခြင်း၊

(ဂ) လုပ်ငန်းတစ်ခုလုံး၏ အဆင့်တိုင်းတွင်စက်များကို အသုံးပြုဆောင်ရွက်ရမည် ဖြစ်သဖြင့် အသံဆူညံခြင်း၊

(ဃ) လောင်စာသုံး ဘွိုင်လာများ သုံးစွဲခြင်းကြောင့် ပြာနှင့်မီးခိုးများထွက်ရှိခြင်း၊ အခိုးအငွေ့များ လေထုအတွင်းသို့ထုတ်လွှတ်ခြင်း၊

(င) စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တကျ မရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ G & U (Myanmar) Fashion Co.,Ltd. မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်း

သုံးပြုစေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ယူဆောင်ရွက်မှု (Corporate Social Responsibility - CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံ ပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

ပူးတွဲ(၂)

တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

အမှတ် ၃၀(မဂ)၊ ၅၅ လမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ ပုဇွန်တောင်မြို့နယ်၊ Postal Code-11161
ဖုန်း - ၀၁ ၈၂၀၃၈၃၈၊ ဖက်စ် - ၀၁ ၈၂၀၃၈၃၉၊ အီးမေးလ် - [illegible]@gmail.com

စာအမှတ် ရက/EIA/၂(၃၅၂၉/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ G & U (Myanmar) Fashion Co., Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတားမှတ်ချက် စိစစ်ပြန်ကြားနိုင်ရန်တင်ပြခြင်း

ရည်ညွှန်းချက်။ G & U (Myanmar) Fashion Co., Ltd. ၏ ၃၀-၁၁-၂၀၂၄ ရက်စွဲပါ တင်ပြစာ

၁။ ရာနှုန်းပြည့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် G & U (Myanmar) Fashion Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးကွက်ကွင်းဝန်း၊ ရန်ကုန်စက်မှုဇုန်၊ စက်မှု (၇) လမ်း၊ အမှတ် (၂၃၂) တွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ပြန်ကြားပေးနိုင်ပါရန် လုပ်ငန်းရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် တင်ပြတောင်းခံလာပါသည်။

၂။ အဆိုပါလုပ်ငန်းသည် (၂) ဧက၊ (၈၀၉၃.၇၁) စတုရန်းမီတာပတ်လည်အကျယ်အဝန်းရှိသော မြေကွက်ပေါ်တွင် (ပေ ၁၈ x ပေ ၄၉) အကျယ်အဝန်းရှိသော နှစ်ထပ်ရုံးခန်းအဆောက်အဦတစ်လုံး၊ (ပေ ၁၈၀ x ပေ ၃၃၀) အကျယ်အဝန်းရှိသော စက်ရုံအဆောက်အဦတစ်လုံး တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် Vallon, Padding, Shell, Farbrics စသည့် ကုန်ကြမ်းပစ္စည်း (၂၄) မျိုးတို့ကိုဥရောပနိုင်ငံများမှ အဓိကတင်သွင်းအသုံးပြုမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် Coat, Jacket, Pants/Trouser, Suit, Blouse, Skirt, Dress, T-Shirt, Children's Clothes စသည့်ထုတ်ကုန်များ (၁၂) မျိုးကို ပထမနှစ်မှ ဆဋ္ဌမနှစ်အတွင်း အထည်ရေ (၁,၄၀၁,၀၀) မှ အထည်ရေ (၁,၉၇၈,၃၅၀) အထိတိုးမြှင့်ထုတ်လုပ်၍ ဥရောပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်သမားဦးရေ (၀၁၁) ဦးနှင့်

နိုင်ငံခြားသား (၇) ဦး၊ ရုံးစုပေါင်း (၇၁၈) ဦး အထိခန့်အပ်ပြီး လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ပြည်ပမှ ရောက်ရှိလာသော ပိတ်လိပ်များအား Cutting ဌာနတွင် ပိတ်ဖြတ်ပြီး စက်လိုင်းအသီးသီးသို့ ချုပ်လုပ်စေခြင်း၊ ချုပ်လုပ်ပြီးသော ကုန်ချောထည်များအား QC ဌာနမှ စစ်ဆေးပြီး Packing ဌာနမှ အထည်များခေါက်ခြင်း၊ Cartoon Box များသို့ ထည့်ပြီး အမှာစာရသောနိုင်ငံများသို့ တင်ပို့ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ကြောင်း၊ ရေသုံးစွဲသည့်အဓိကအရင်းအမြစ်မှာ မြေအောက်ရေဖြစ်ပြီး ရေသုံးစွဲမှုပမာဏမှာ တစ်ရက်လျှင် (၂၅၀၀) လီတာခန့် အသုံးပြုမည်ဖြစ် ကြောင်း၊ စွမ်းအင်ရယူသည့်အရင်းအမြစ်မှာ EPC နှင့် Generator မှဖြစ်ပြီး တစ်နှစ်လျှင် (၁၈၆,၅၆၀) kwh အသုံးပြုကြောင်း၊ မီးပူတိုက်ခြင်းလုပ်ငန်းစဉ်အတွက် ထင်းလောင်စာ အသုံးပြုသည့် Boiler ကိုအသုံးပြုကြောင်း လောင်စာအသုံးပြုမှုမှာ တစ်နှစ်လျှင် (၄၂၀,၅၁၀) ကီလိုဂရမ် ဖြစ်ကြောင်း၊ စီမံကိန်း၏ အရှေ့ဘက်တွင် ရေသန့်စက်ရုံ၊ အနောက်ဘက်တွင် အထည်ချုပ်စက်ရုံ၊ တောင်ဘက်တွင် မြေလွတ်နှင့် မြောက်ဘက်တွင် သံချောင်းစက်ရုံတို့ရှိကြောင်း စွန့်ပစ်အမှိုက် ထွက်ရှိမှုအနေဖြင့် ပိတ်စအပိုင်းအစများ ထွက်ရှိပြီး တစ်နှစ်လျှင် (၇,၉၂၀၀) kg ထွက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှုမရှိဟု ယူဆရသော်လည်း လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာမှ ထွက်ရှိလာသည့် အမှုန်အမွှားများ၊ ဖုန်မှုန့်များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ လုပ်ငန်းသုံးစက်၊ ယာဉ် ယန္တရားများ၏ ဆူညံမှုကြောင့် အသံညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ကာလကြာမြင့်ပါက ရေ၊ မြေ၊ လေညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု ကြာလာသည်နှင့်အမျှ စက်ရုံအတွင်း လေဝင်လေထွက် ကောင်းမွန်အောင် စီမံထားခြင်း မရှိပါက ဝန်ထမ်းများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားစေနိုင်ခြင်း စသည့်ဆိုးကျိုး သက်ရောက်မှုများဖြစ်ပေါ်နိုင်သည့်အပြင် မီးဘေးကာကွယ်ရေး စနစ်ကို စနစ်တကျထားရှိရန်နှင့် ဘွိုင်လာအသုံးပြုပါက ဘွိုင်လာမှထွက်ရှိသော အခိုးအငွေ့များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်ပါ၍ G & L (Myanmar) Fashion Co., Ltd. ၏ CMP စနစ်ဖြင့် အထက် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စီမံကိန်းအဆိုပြုလွှာပါ တွေ့ရှိချက်များအရ လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ (က) ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းလုပ်ငန်း အမျိုးအစားတွင် မပါရှိခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၅၊ ၂၈ အရ ပတ်ဝန်းကျင်တွင် ထိခိုက်လွယ်သောနေရာများတွင် မကျရောက်ခြင်းတို့ကို စိစစ် တွေ့ရှိရသဖြင့်

CamScanner

ခေါင်း(၂၃) (ဂ) အရ ပြည်သူ့ဆန်းစစ်ခြင်းဆောင်ရွက်ရမည်ကို လမ်းညွှန်မှုပြုနိုင်ပါရန် ပူးတွဲပါ စီမံကိန်းအစီရင်ခံစာ (soft copy/ hard copy) များနှင့်တကွ တင်ပြအပ်ပါသည်။

ပူးတွဲ - G & J (Myanmar) Fashion Co., Ltd. ၏ စီမံကိန်းအဆိုပြုလွှာနှင့် soft copy CD (၁) ချပ်

(ကျော်ဝင်းနိုင်)
ညွှန်ကြားရေးမှူး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ EIA-၁/၆/သဘောထား(PP-Issue)(၅၃၂/၂၀၂၄)
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

သို့

ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ G & U (Myanmar) Fashion Co. Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ (၁) G&U (Myanmar) Fashion Co., Ltd. ၏ ၃၀-၁၁-၂၀၂၃ ရက်စွဲပါ ပေးစာ

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ၂၀-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၂ (၁၄၂၆/ ၂၀၂၃)

(၃) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၊ ရန်ကုန်မြို့၏ ၂၁-၄-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၀၀၁/ MIC (OSS)/ ၀၁(၂၆၃/ ၁၆)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေယျာသုခဝန်း၊ ရန်ကုန်စက်မှုဇုန်၊ စက်မှု (၇) လမ်း အမှတ် (၂၉၂)၊ မြေဧရိယာ (၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် G & U (Myanmar) Fashion Co., Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြား ပေးနိုင်ပါရန် လုပ်ငန်းရှင်မှ ရည်ညွှန်း (၁) ပါစာဖြင့် တင်ပြလာမှုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှတဆင့် ဦးစီးရုံးချုပ်သို့ ရည်ညွှန်း (၂) ပါစာဖြင့် အစီရင်ခံတင်ပြ လာပါသည်။

၅၅၈ (596 / 1.2.24)

၂။ တင်ပြလာသည့် အဆိုပြုလုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ စီမံကိန်းအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲတင်ပြရန် မလိုအပ်ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၊ ရန်ကုန်မြို့မှ ရည်ညွှန်း (၄) ပါစာဖြင့် သဘောထားမှတ်ချက် ပြန်ကြားပြီး ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ G & U (Myanmar) Fashion Co., Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းအား ရည်ညွှန်း (၄) ပါစာဖြင့် သဘောထားမှတ်ချက် ပြန်ကြားခဲ့သည့်အတိုင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲတင်ပြရန် မလိုအပ်ကြောင်း လုပ်ငန်းရှင်ထံသို့ ဆက်လက် ပြန်ကြားနိုင်ပါရန် အကြောင်းကြားပါသည်။

၇/၁/၂၀၁၅

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာခင်မောင်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးလက်ခံ၊ မျှောစာတွဲ

G & J (Myanmar) Fashion Co.,Ltd
No.292, Sat Mu(7) St, Yangon Industrial Zone
Mingaladon Township, Yangon, Myanmar.

သို့

ညွှန်ကြားရေးမှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး

ရက်စွဲ။ ။၂၀၂၃ခုနှစ်နိုဝင်ဘာ ၃၀ ရက်

အကြောင်းအရာ။ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်ပေးနိုင်ပါရန် G & J (Myanmar) Fashion Company Limited၏ စီမံကိန်း အဆိုပြုလွှာတင်ပြခြင်း

ရည် ညွှန်း ချက်။ 23.11.2023 ရက်စွဲပါစာအမှတ်၊ ရကဲ/EIA/ထွေ(3181/2023) အရ

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍အမှတ်(၂၉၂)၊ စက်မှု(၇)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ဧကမ္ဘာဝန်း မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်တိုင်းရှိ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော G & U (Myanmar) Fashion Company Limited ၏ စီမံကိန်း အဆိုပြုလွှာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်-

Mr; Yang Jin Fang

Factory Manager

G&U(Myanmar)Fashion Co.,Ltd

G & U (Myanmar) Fashion Co.,Ltd

No.292, Sat Mu(7) St, Yangon Industrial Zone

Mingalardon Township, Yangon, Myanmar.

သို့

ညွှန်ကြားရေးမှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး

ရက်စွဲ။ ။၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်

အကြောင်းအရာ။ **ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ် (EMP) ရေးဆွဲ တင်ပြခြင်း ကိစ္စ။**

ရည် ညွှန်း ချက်။ **23.2.2024 ရက်စွဲပါစာအမှတ် ရကက/EIA/2(5)(643/2024) အရ**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အမှတ်(၂၉၂)၊ စက်မှု(၇)လမ်း၊ ရန်ကုန် စက်မှုဇုန်၊ဧကမ္ဘာဝန်း၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းရှိ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော G & U (Myanmar) Fashion Company Limited ၏ **ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်(EMP) ရေးဆွဲသည့် အစီရင်ခံစာအား** ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာနသို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်-

Mr; Wang Sheng

Director

G&U (Myanmar)Fashion Co.,Ltd

၄၅၈ (1391 / 14-3-24)